**နိုင်ငံတော်သမ္မတထံသို့မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏**

**မေတ္တာရပ်ခံတင်ပြသည့်အိတ်ဖွင့်ပေးစာ**

**သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၁၁)**

နိုင်ငံတော်သမ္မတခင်ဗျား-

၁။ နိုင်ငံတော်သမ္မတအနေဖြင့် ပြည်သူများ မျှော်လင့်နေကြသည့် ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရ၊ ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တရားဥပဒေစိုးမိုးမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု စသည့်မူများအပေါ် အခြေခံကာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြင်သာထင်သာရှိသည့် လုပ်ဆောင်ချက် တစ်ရပ်မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းသို့ ဖွဲ့စည်းတည်ထောင်ခြင်းကို မြန်မာနိုင်ငံပြည်သူများ ထောက်ခံကြိုဆိုကြမည်ဟု ယုံကြည်ပါကြောင်း ဦးစွာဖော်ပြအပ်ပါသည်။

၂။ ယခုကဲ့သို့ ဖွဲ့စည်းတည်ထောင်ရာတွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ်၊ A/RES/48/134 ၌ ဖော်ညွှန်းထားသည့် အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ အခြေခံမူများ (Principles relating to the status of national institutions (Paris Principles) (ပါရီအခြေခံမူများ) ကို အခြေခံ၍ ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်ပါသည်။ အာဆီယံ အဖွဲ့ဝင် (၁၀) နိုင်ငံတွင် ကျွန်တော်တို့ ကော်မရှင်သည် ပဉ္စမမြောက် ကော်မရှင် ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးအား မြှင့်တင်ရေး နှင့် ကာကွယ်ရေး တို့ကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ကော်မရှင်တာဝန် နှင့်လုပ်ပိုင်ခွင့်များ တွင်လည်း နိုင်ငံသားများ၏ မူလအခွင့်အရေး ချိုးဖောက် ခံရကြောင်း တိုင်ကြားစာ လက်ခံခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်များကို ဆက်လက် အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးရန်လည်း တာဝန်တစ်ရပ်အနေဖြင့် ပါဝင်ပါသည်။ ကော်မရှင်အနေဖြင့် ဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ကော်မရှင်၏တာဝန်များ ကိုအပြည့်အဝထမ်းဆောင်ပြီး နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရန်နှင့်ကာကွယ်ရန် သန္နိဋ္ဌာန်ချထားပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းတည်ထောင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကိုဆောင်ရွက်နိုင်ရန်ဖြစ်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်း၏ မျှော်လင့်ချက်ကို တနည်းတလမ်းအားဖြင့် ဖြည့်ဆည်းရာ ရောက်သည်ဟု ယူဆပါသည်။

၅။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အချို့သော နိုင်ငံတို့၏မျှော်လင့်တောင့်တချက် တစ်ရပ်မှာ "ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ"("PRISONERS OF CONSCIENCE") ဟု၎င်းတို့ဖော်ညွှန်းနေသော အကျဉ်းထောင်တွင်း ရှိနေသူများအား လွှတ်ပေးရေးကိစ္စတစ်ရပ်ပင်ဖြစ်ပါသည်။ ထိုအကျဉ်းသားများသည် တည်ဆဲဥပဒေများကို ချိုးဖောက်သဖြင့် အပြစ်ဒဏ် ကျခံနေရသူများ ဖြစ်သည်ဟူသော နိုင်ငံတော်အစိုးရ၏ ရပ်တည်ချက်ကိုလည်း ကော်မရှင်အနေဖြင့်လက်ခံသဘောပေါက်ပါသည်။

၆။ ထိုသို့ တည်ဆဲဥပဒေကို ချိုးဖောက်သဖြင့် အကျဉ်းကျနေသူများအနက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကိုထိပါးမည့်၊ တိုင်းရင်းသား အကျိုးစီးပွားကိုထိပါးမည့် အန္တရာယ်မရှိနိုင်သောအကျဉ်းသားများကို လွှတ်ပေးခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ၏ မေတ္တာစေတနာကို ထင်ဟပ်ဖော်ပြသည့်အနေဖြင့် ၎င်းတို့အား ကျခံနေရသောအပြစ်ဒဏ်အသီးသီးမှလွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အကျဉ်းထောင်မှလွှတ်ပေးရေးကို အလေးထားစဉ်းစားပေးပါရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် အနေဖြင့်မေတ္တာရပ်ခံ တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်
(ဝင်းမြ)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ(ကိုယ်စား)

ရက်စွဲ၊ ၁၀.၁၀.၂၀၁၁
နေရာ၊ရန်ကုန်မြို့။